



ဒီဝတ္ထုမှာတော့ ကျွန်တော်က ဘုရားသခင်ပဲ။ ၂၀၈၁ မှာ ကမ္ဘာမြေကို ကျွန်တော့် သဘောနဲ့ ကျွန်တော် နှစ်ပိုင်းခွဲပစ်လိုက်တယ်။ တစ်ခြမ်းမှာ ယောက်ျားတွေချည်း သီးသန့်နေကြ။ တစ်ခြမ်းမှာ မိန်းမတွေချည်း သီးသန့်နေကြ။ ဘာဘာညာညာ ကိစ္စတွေလည်း အဆင်ပြေသလို လုပ်ကြပေါ့။ နှစ်ပေါင်းများစွာကြာတဲ့အခါ ကမ္ဘာပေါ်မှာ ယောက်ျားနဲ့ မိန်းမဟာ အချင်းချင်း ရှိလို့ ရှိမှန်းတောင် မသိကြတော့တဲ့ အခြေအနေကို ကျွန်တော် ဖန်ဆင်းခဲ့တယ်။ ဘုရားသခင်ဆိုတဲ့ ဆရာကြီးဟာ သူ့ဖန်ဆင်းခဲ့ပါတယ်ဆိုတဲ့ ဟော့ဒီကမ္ဘာက လူတွေကို မနိုင်တော့သလိုပဲ။ ကျွန်တော်လည်း ဟော့ဒီဝတ္ထုကို ရေးနေရင်းနဲ့ ကျွန်တော်ဖန်ဆင်းလိုက်တဲ့ ဇာတ်ကောင်တွေ မနိုင်တော့ဘူး။ ဒီထဲမှာပါတဲ့ ဘဲတွေ၊ ဇော်တွေ၊ ဂေးတွေ၊ လက်စ်ဗီယန်တွေဟာ သူတို့ရဲ့ တသီးတခြား ကမ္ဘာတွေကနေ သူတို့ လုပ်ချင်တာတွေ လျှောက်လုပ်ပစ်ကြတော့တာ။ အဲ့ဒါနဲ့ပဲ Gender Line 2081 ဖြစ်လာခဲ့တာပါပဲ။